
လရောင်ကျူးရင့်
မာယာကောင်းကင်

## အခန်း(၁)

'လင်း လင်း ခဏ'

အသံကိုလည်း ကြားသည်။ ကြားဖူးနေကျ ဒေါက်ချွန်ဖိနပ်သံက ပြေးလာမှန်းသိသာအောင် နားထဲဝင်လို့။

ငယ်ငယ်ကတည်းက ခရေ့ကို သူကြည့်မရသည့်အထဲမှာ ဒီဖိနပ်သံက မူလအစ ကြားလျက်နှင့် တမင် လှည့်မကြည့်ဘဲ နေလိုက်သည်။

ဒါပေမဲ့ ခြေလှမ်းကိုတော့ သိသာအောင် နှေးချပေးလိုက်၏။

'လင်း'

'ဘာလဲ'

ဘေးမှာ ပူးကပ်လာပုံက ယိမ်းယိမ်းယိုင်ယိုင်။

ရှေ့ကို ငိုက်ခနဲ ပြိုကျသွားပြီးမှ အရှိန်ပြန်ထိန်း၍ မတ်သည်။

ဖိနပ်အမြင့်ကြီးမို့ နည်းနည်းလေး ယိုင်သွားသည်နှင့် ကြည့်လို့မကောင်းတော့ဘဲ ရှိ၏။ ပြီးတော့ သူ့လက်မောင်းတစ်ဖက်ကို ခွင့်မတောင်းဘဲ အကူအညီယူသည်။

'နင်ကလည်း ခဏရပ်စမ်းပါ၊ ဟိုကောင်တွေ ငါ့နောက်လိုက်နေလို့'

လက်မောင်းကိုဆုပ်ဆွဲကာ ပခုံးချင်း ထပ်မှီတင်ကာ ခရေက စိုးရိမ်သံလေးနှင့် ပြောသည်။ ထိတ်လန့်နေပုံလည်းရ၏။

လင်းက နောက်ကို မျက်နှာတစ်ခြမ်းလှည့်ကြည့်သည်။ မျက်လုံးထောင့်မှာ အရိပ်တွေထင်လာသည်နှင့် ရှေ့ကိုပြန်လှည့်ကာ

‘ဘဘ လာမကြိုဘူးလား’

‘ငါက ဒီနေ့ အတန်းနောက်ကျမယ် ပြောထားလို့’

‘ဘာလို့ စောစောထွက်လာတာလဲ’

‘နင်ကလည်း စစ်ဆေးလိုက်တာဟာ’

ခရေက သူမေးတာကိုမဖြေဘဲ လက်မောင်းတစ်ဖက်မှာ တစ်ကိုယ်လုံးမှီတွဲ၍ ချစ်သူကောင်လေးကို ကောင်မလေးက ကပ်ခွဲနေသလို မရမက ပုံဖော်ရင်း တော်တော်ကြာအောင် လျှောက်မိတဲ့အထိ ဒီတိုင်းတွဲနေတော့ လင်းက ခရေ့လက်ကို ဖြုတ်ချပစ်လိုက်ပြီး မျက်မှောင်ကုတ်ကြည့်၏။

‘ဘယ်လိုဖြစ်တာလဲ ဒီမှာ စာတွေတောင်မေ့ကုန်ပြီ’

ခရေက မဖြေနိုင်သေးဘဲ နောက်ကို မရဲတရဲလေး လှည့်ကြည့်၏။ ပြီးတော့ လွတ်လွတ်လပ်လပ် သမင်လည်ပြန် ဝေ့ဝဲစိုက်ကြည့်သည်။

ပြီးတော့မှ လက်ကိုဖြုတ်ချလိုက်ပြီး ခါးထောက်သည်။

‘ဒီမှာ ဒုက္ခရောက်နေလို့ပါဆို အဖြစ်သည်းနေလိုက်တာ၊ နင့်လက်ကို ကိုင်ချင်လွန်းလို့ ကိုင်တယ်များ ထင်နေသလား’

‘မထင်ပါဘူး၊ နင့်မှာ ပေါသောနေတာ သိသားပဲ၊ ဖြစ်လိုက်ရင် အမြဲတမ်း ဗရုတ်သုတ်ခ’

‘အံမယ် လင်းနော် ငါထုပစ်လိုက်ရ’

ခရေက ယှဉ်တွဲလျှောက်နေရင်း လက်ရွယ်လိုက်သေးသည်။

လင်းက လွယ်အိတ်ကို ပခုံးပေါ် ပြန်ဆွဲတင်ပြီး ရန်ဖြစ်နေဖို့လည်း စိတ်မဝင်စားတော့ဘဲ ခြေလှမ်းကျဲနှင့်လျှောက်၏။

ထိုအခါ ခရေကလည်း အပြေးတစ်ပိုင်း လိုက်ရပြန်သည်။

ဝတ်ထားရတာက အပြာရောင် စကတ်ထဘီ၊ အင်္ကျီအဖြူနှင့်မို့ ခြေလှမ်းကျဲတော့ ဒုက္ခရောက်၏။ ပွဲလွင့်ဒေါက်နှင့်ဆိုတော့ ပိုဆိုးသည်။ လင်းကတော့ သူ့ကို စောင့်ခေါ်ဖို့လည်း စိတ်ကူးရှိပုံမပေါ်ဘဲ ခေါင်းငုံ့၍ ခြေလှမ်းတို့က စက်ရုပ်ခြေလှမ်းတွေလို အကွာအဝေး မှန်မှန်ကျဲလျက်။

‘ဘယ်ကိုလိုက်ဦးမလို့လဲ၊ ငါက သွားစရာရှိသေးတယ်’

‘ရှိတဲ့ဆီလိုက်မယ်’

ခရေကလည်း လင်းဖြစ်နေပုံကို အမြင်ကတ်ကတ်နှင့် ရွဲ့၏။ မရမက လိုက်ကပ်ပြီး ပူးကပ်လျှောက်သည်။

စောစောက ဟိုကောင်တွေ လိုက်နှောင့်ယှက်လို့၊ ခုကျတော့ လင်းကို တမင်နှောင့်ယှက်ဖို့။ လင်း စိတ်မရှည်စွာ တစ်ချက်ပြန်ကြည့်သည်။

ခရေက မျက်စောင်းထိုး၏။ ပါးရိုးနားမှာတစ်ထပ်၊ မေးဖျားနားမှာ တစ်ထပ်ဖြာကျသော ပါးပါးရိပ်ရိပ်လေး ဖြစ်နေသည့် ဆံပင်ကို ဖြောင့်ထားသေးသည်။

အလွန်ပါးသော ဆံပင်ဟာ ဆေးဆိုးထားပေမယ့် နဂိုအရောင်ပဲလို့ ပြောလည်း ယုံကြသည်။ ခရေတို့က အလှအပပြင်ဖို့တော့ ကျွမ်းကျင်ပါသည်။

ခေတ်ပေါ် အလှပြင်နည်းတွေ ဘယ်ပုံစံလာမလဲ၊ ဘယ်နိုင်ငံက စတိုင်မျိုးဖြစ်ဖြစ်၊ သူမမျက်နှာပေါ် ရောက်ပြီးသား။

ဒါမျိုးကျတော့ အတုခိုးတတ်လွန်းပါ၏။ ကျောင်းသင်ခန်းစာဆို ဆယ်တန်းမှာ တစ်နှစ်ကျလိုက်သေးသည်။

သူမမှာ အစ်မနှင့်အဖေ မိသားစုသုံးယောက်သာ ရှိသည်။ သားအဖနှစ်ယောက်က အမျိုးမျိုး ချော့လိုက်၊ ခြောက်လိုက် နောက်ဆုံးသူနဲ့နှိုင်းပြီး မခံချင်အောင်ပြောမှ

‘ဒါဆို နင် ငါ့ကိုသင်ပေးလေ၊ ငါကျက်မှတ်လာအောင် စည်းရုံးနိုင်ရင်ပဲ နင့်ကို ငါ ဆရာတင်မှာပါ’

‘သင်ပေးမယ်’

သူကလည်း ဆုံးဖြတ်ပြီးသားပါ။ ခရေတို့မိသားစုက သူ့အတွက် ကျေးဇူးရှင်တွေဖြစ်သည်။ ဘဘဆီကို သူရောက်တော့ ခုနစ်တန်းကျောင်းသား အရွယ်။

လင်းမှာ အမေရှိသေးသည်။ သို့သော် နောက်အိမ်ထောင် ပြုလိုက်သဖြင့် သူ မနေချင်သောကြောင့် ဘဘဆီမှာ လာနေခဲ့ခြင်း ဖြစ်သည်။

ဒီရောက်ကတည်းက ခရေ့ဖေဖေ ဦးရွှေကောင်းက လင်း စာကြိုးစားတာ၊ ရိုးသားတာကို သဘောကျသည်။ ခရေနှင့်နှိုင်း၍ သမီးကိုလည်း မခံချင်စိတ်နှင့် ကြိုးစားချင်အောင် ပြောသည်။ လင်းကို ပညာရေးနှင့် ပတ်သက်သမျှ လိုလေသေးမရှိ ကူညီထောက်ပံ့ခဲ့သည်။

သမီးကြီး စံပယ်ကတော့ တည်တည်တင်းတင်းပဲ နေပြီး လင်းကို မောင်ငယ်တစ်ယောက်လို ပြောဆိုစောင့်ရှောက်တတ်ပေမယ့် ရင်းနှီးအရောဝင်တာမျိုး သိပ်မရှိ။

ခရေကတော့ ပျော်ပျော်ပါပဲ၊ သူမသည် ခရေပန်းကလေးလို မြေခဝပ်ဆင်း နေသင့်သည့်သဘော ဖြစ်ပေမယ့် နာမည်ဟာ ခရေမဟုတ်ဘဲ ခရေနီ ဖြစ်နေခဲ့သည်။

ထို့ကြောင့် ခရေလှုပ်ရှားမှု အမူအရာတိုင်းဟာ ငြိမ်ငြိမ်သက်သက် အေးချမ်းခဲ့တာ ဘာမှမရှိပေ။

သူမဟာ ရည်းစားများတာမျိုးလည်း မဟုတ်။ ယောက်ျားလေး အပေါင်းအသင်းများသည်။ ဘယ်သူရိုးသားတာ၊ မရိုးသားတာ သူမ ဂရုမ

စိုက်တတ်ဘဲ သူက ထိချင်လာလျှင် သူမ ပြန်ရိုသည်။

ပြောင်ပြောင်တင်းတင်း ချစ်ရေးဆို ချဉ်းကပ်လာလျှင် ဘာမှ အလေး အနက်မထားဘဲ ဟိုလိုလို ဒီလိုလို အပြတ်အသားပြော၍ ပေ့ါပေ့ါပဲနေ၏။

ဒါတွေကို အန္တရာယ်လို့မမြင်ဘဲ ပျော်စရာဟု မြင်ပုံပေါ်သည်။ ခရေနဲ့ လင်း ဟိုတုန်းကတည်းက သိပ်ခင်ခင်မင်မင် မရှိခဲ့ပေ။

'ဟဲ့ ငါ့ကို ပန်းခူးပေးစမ်းပါ'

'ဟဲ့လို့ မခေါ်ဘဲ ခိုင်း'

စတွေ့ကြကတည်းက ထိုသို့ဖြစ်သည်။

'ဘဝင်မြင့်မနေနဲ့၊ နင်က ငါတို့ဒရိုင်ဘာရဲ့ မြေး'

'မြင့်တော့ဘာဖြစ်လဲ၊ ဒရိုင်ဘာမြေးဖြစ်တာနဲ့ပဲ ပြောသမျှခံနိုင်သမျှ အရှုံးပေးရမှာလား၊ ဆောရီးပဲ မယ်မင်းကြီးမ မကျေနပ်ရင် သွားတိုင်လိုက်'

လင်းက နည်းနည်းမှ အလျှော့မပေးခဲ့ပါ။ တကယ်မှာ ခရေက နွဲ့ချင်တာ ဖြစ်သည်။ သူမ ဆိုးနွဲ့သမျှ သည်းခံလျှင် သူမက သဘောကျနေ၏။ ထိုအခါ ရှိသမျှ ပါသမျှ မုန့်ဖိုး၊ စားစရာ ဘာမဆို ချပေးပစ်တတ်သူ။

'လင်းရယ် ခရေ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပေးပါ၊ ကလေးက သဘောကောင်းလေး ပါကွယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်အလုပ်ရှင်'

'ဘဘက ဟုတ်တာပေ့ါ၊ ကျွန်တော်က ဘဘဆီမှာ ခဏလာနေတာပဲဥစ္စာ၊ ပြီးတော့ ကျွန်တော်က ညှော်သည်လိုနေတာ မဟုတ်ဘူး၊ အားလုံး ဝင်လုပ် ပေးနေတာပဲ တစ်အိမ်လုံးလည်း သဘောကောင်းပါတယ်၊ အဲဒီ ကောင်မလေးကိုက စွာတာစွာတာနဲ့'

'မစွာပါဘူး၊ ကလေးက သဘောကောင်းပါတယ်၊ မင်းနဲ့ဆို မတိမ်းမယိမ်း ပဲ၊ သူငယ်ချင်းဖြစ်နေကြရင် စိတ်ချမ်းသာစရာ မကောင်းဘူးလား'

'မကောင်းဘူး၊ ဒီမှာ စာကျက်ပြီဆို သူ့စာတွေ လာလာကူးခိုင်းတာ တအားဆိုးတာပဲ၊ ကူးမပေးဘူးဆိုရင် ဟိုပြောဒီပြောနဲ့၊ ကျောင်းသွားနေပြီ ကျောင်းမှာ ဘာလုပ်နေသလဲမသိဘူး၊ သင်သမျှစာတွေ အိမ်ရောက်မှကူးတာ၊ ဦးလေးကောင်းတို့က မသိဘူးထင်တယ်'

ဘဘနှင့်သူ ခရေ့အကြောင်းပြောတိုင်း ဟိုတုန်းကတည်းက ညှိနှိုင်းမရခဲ့ဘူးပါ။ ဦးလေးကောင်းက ကွန်စထရက်ရှင်လုပ်ငန်းတွေ တိုးချဲ့၏။ တစ်ဘက်က ကုမ္ပဏီကိုတော့ စံပယ်နှင့်လွှဲထားသည်။

ထိုစဉ်ကတော့ လုပ်ငန်းနှစ်ခုလုံးကို ဦးလေးကောင်းက နိုင်နင်းအောင်လုပ်ခဲ့သူဖြစ်၏။ နောက်ကျမှ စံပယ့်ကို လွှဲနိုင်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ခရေ့ပညာရေးကတော့ စံပယ်ကလည်း ကျောင်းသူ၊ ဖခင်ကလည်း မအားလပ်တာကြောင့် ကြားချောင်နေခဲ့တာ ဖြစ်မည်။

စက်မှုတက္ကသိုလ်မှာ သူ မက်ကယ်နီကယ် တတိယနှစ်ရောက်မှ ခရေဆယ်တန်းအောင်၏။ အောင်တော့ လင်းက လေးဘာသာဂုဏ်ထူးနဲ့ ကျကျနနအောင်သည်။

စက်မှုတက္ကသိုလ်တက်ခဲ့တာက ဝါသနာပါတာကို ကိုယ်တိုင်ရွေးချယ်ခဲ့တာဖြစ်၏။ ခရေကတော့ အမှတ်မီရုံလေးနဲ့ပဲ စက်မှုတက္ကသိုလ်ရောက်ခဲ့သည်။

'နင်လည်းရှိတော့ ငါလည်း အဲဒီမှာပဲတက်မှာပေ့ါ'တဲ့။

ရည်ရွယ်ချက်ကတော့ ကြီးမားပါပေသည်။

သူ မခေါ်နဲ့ဆို အတင်းလိုက်ခေါ်သည်။ ပေးတာကျွေးတာ မကြိုက်ပါဘူးဆိုမှ ပေးရင်ယူမှ ကျွေးရင်စားမှ မရတော့ဘူးဆို မဲ့ရွဲ့ပြီး ပြစ်ပြစ်နှစ်နှစ်ပြောပြီ။

'ကြီးကြီးကျယ်ကျယ် လူကဖြင့် ကုလားနက်ခြောက်၊ မျက်ခုံးကြီးကထူသေး၊ နှာခေါင်းက ရှေ့ကို တစ်လံတစ်ထွာလောက်ပစ်လို့၊ နှုတ်ခမ်းပြာပြာ၊ ပါးပြင်းမွေးစစနဲ့ ဟဲ့ နင် စွန်းပူခုန်းကား ဝင်ရိုက်ရင်ရမယ် သိလား၊ လက်မောင်းလက်ဖျံတွေမှာကော အမွေးနုတွေ ဖုံနေတာလေ၊ လူပျိုဖြစ်ရင် တောထနေမှာပဲ၊ သူတို့လိုတောင် မျောက်ရေခွံစွပ်ဖို့ လိုမှာမဟုတ်ဘူး ဟီး ဟီး ဟီး'

ခရေက ကဲ့ရဲ့ပြီဆို တစ်စက်မှ ရစရာမရှိအောင် ကဲ့ရဲ့လေသည်။

ပြီးတော့ ကျောင်းကပြန်တာနဲ့ 'ဘဘ လင်းကောဟင်'ဆိုသည့် အသံက ညရှစ်နာရီ စံတော်ချိန်တီးလုံးထက် စံချိန်မှန်သည်။ တွေ့ပြီဆိုရန်ဖြစ်၊ ဆောင့်အောင့်ပြန်သွားတာလည်း ရှိသည်။ တစ်ခါတလေ အော်ဟစ်ရန်တွေ့လို့ အားမရဘဲ တိတ်တိတ်ကြိတ်ဆဲတတ်သေး၏။ သူငယ်ချင်းဆိုတာ မတည့်မှ ပိုခင်ကြတာမျိုး ထင်သည်။

ခရေက လင်းကို တကယ်ခင်ခဲ့ရှာသည်။ အရွယ်တွေ ရောက်လာတော့လည်း တစ်ဖက်သတ် သည်းခံရတာမျိုး မဟုတ်ဘဲ ခရေ မကြာခဏ အံကြိတ်ကျန်ခဲ့ရတာတွေ ရှိခဲ့သည်။

ခရေနှင့် သူ့အကြောင်းများ တွေးမိလျှင် လွမ်းဆွတ်တသဖွယ် ဘာမှမရှိပေ။ ဒါပေမဲ့ သူ ခရေ့ကို သနားစိတ်လေးနှင့် လက်တွဲမဖြုတ်ရက်ခဲ့ပါ။ ထို့ပြင် ဦးရွှေကောင်းတို့ ကျေးဇူးတွေက ရှိနေသေးရာ။

***

## အခန်း(၂)

အခန်းပေါက်ဝမှာ လူရိပ်ပေါ်လာတော့ မော့ကြည့်ဖို့ စိတ်ကူးကာ နှာခေါင်းထဲရောက်လာသည့် ရေမွှေးနံ့ကြောင့် ချက်ချင်း ပြောင်းသွားခဲ့၏။

'လင်း'

'ဘာလဲ'

စာရေးမပျက်ဘဲ လင်းကထူးလို့ ခရေက တံခါးဝမှာပဲ တင်ပါးလွှဲလေး ထိုင်ချလိုက်ပြီး လင်းရေးနေသည့် စာအုပ်ထဲကို လည်ပင်းရှည်ကြည့်၏။

'သွားမယ်လေဟာ'

'ငါမသွားဘူး'

'ငါကြိုပြောထားတာနော် လင်း၊ မသွားလို့မရဘူး၊ ခုထ'

'ကြိုပြောတာဘာဖြစ်လဲ၊ ငါက ပို့မယ်ပြောမိလို့လား'

'လင်းနော်'

'ဟာ'

ခရေက စာအုပ်တစ်အုပ်ကိုဆွဲယူကာ နည်းနည်းမှ ခေါင်းမမော့ဘဲ ဆက်ဆံရေးကျဲနေသည့် လင်းခေါင်းကို ဖျန်းခနဲ ရိုက်ပစ်လိုက်သည်။

လင်း ဒေါသတကြီး မော့လာ၏။

'သည်းခံနေတာ အကောင်းမဟုတ်ဘူးနော် ခရေ၊ နေရာတကာ နှုတ်သီးလျှာပါးလို မဖြစ်ချင်လို့၊ တောက် ကိုယ့်ထက်အကြီးကို ကြီးမှန်းမသိ၊ ငါ ပိတ်ထိုးပစ်လိုက်ရ'

'အံမာ ထိုးကြည့်ပါလား၊ ကြီးကြီးကျယ်ကျယ် ဟွန်း တစ်နှစ်လေးပိုကြီးတာများ ဘာဖြစ်လဲ၊ ငါ ဆယ်တန်းကျလို့ ဖက်စ်ရီးယား၊ နင်က သာဒ်ရီးယား ဘာဖြစ်လဲ၊ နေရာတကာ ဂိုက်ဆိုက်က သိပ်ထုတ်ချင်တယ်၊ ဒီက လည်း သည်းခံနေတာ အကောင်းအောက်မေ့မနေနဲ့ သိလား၊ ကျောင်းမှာလို မျိုး အကြောင်းပေါ်လာရင် ဆွဲဖော်လှဲဖော်လေးရလည်း မဆိုးဘူးဆိုပြီး'

'ဘယ်တော့မှ လာမဆွဲနဲ့၊ ခင်ဗျားအရုပ်ထုပ်တွေထဲ'

'ဆွဲဦးမယ်၊ ထည့်ဦးမယ်၊ ခုလည်း အဲဒါပဲသွားမလို့၊ ဘဘကိုလည်း ပြောပြီးပြီ ကဲ ထစမ်းပါ'

ဘဘနဲ့ကိုင်ပေါက်တော့ လင်းမျက်နှာတင်းသွား၏။

'ဘာဘဘလဲ၊ ငါ စာမေးပွဲနီးနေတာ ဘဘသိတယ်၊ အလကားနေရင်း မွေးနေ့တွေသွား၊ ရှော့ပင်ထွက်၊ ဘာမှ အဓိပ္ပာယ်မရှိဘူး'

'အံမာ'

ခရေက ဒူးတုပ်လျက်သားနှင့် အိမ်ပေါ် စွေ့ခနဲပြောင်းထိုင်၏။

'စာမေးပွဲအရေးကြီးတာ နင်တစ်ယောက်တည်း မဟုတ်ဘူးနော်၊ ငါလည်း အတူတူပဲ'

'ဘာတူတာလဲ၊ မမီမကမ်းအောင်မှတ်လေးနဲ့ လိမ့်ပိန့်ပါလာပြီး ဖက်စ်ရီးယားကနေ ဘယ်တော့မှ ကျော်တက်နိုင်မှာမဟုတ်တဲ့လူနဲ့ ငါက တူစရာလား၊ ဒီမှာ မျက်နှာကြည့် နိုင်ငံခြားမှာ ဘွဲ့သွားယူမယ့်ရုပ်'

မျက်နှာကို ရှေ့တိုးပြ၍ လင်း ဖျတ်ခနဲထရပ်သည်။

ခရေကလည်း ထရပ်ပြီး လင်းရှောင်ထွက်မည့်ရှေ့ လာပိတ်ရပ်ထားလိုက်၏။

'လင်းနော် ပြောချင်ရာပြောပြီး ထွက်သွားကြည့်၊ ဒီကလိုချင်တာ ရှိလို့

သည်းခံနေလိုက်တာ၊ လိုက်ပို့မှာလား မပို့ဘူးလား ပြော'

'မပို့ဘူး'

'ကြည့်စမ်း ဒီမှာ ပြင်ဆင်ထားရတာကို၊ ကဲ မပို့ဦး မပို့ဦး အားပါးတရ လှွဲရိုက်၏။ လင်းက မျက်နှာရှေ့မှာ လက်နှစ်ဖက်ဖြင့် လိုက်ကာရင်း နောက်ဆုတ်သည်။

'ဘယ်လိုဖြစ်နေကြတာလဲ'

'ဟင် မမ'

တံခါးဝဘက်ကို မျက်နှာမူနေသည့် လင်းက မြင်သည်။ လင်းအသံကြားမှ ကျောခိုင်းနေသော ခရေက အရိုက်ရပ်ပြီး လှည့်ကြည့်၏။

သုံးထစ်သာရှိသည့် သစ်သားလှေကား၏ ခြေရင်းမှာ စံပယ်က ရပ်နေသည်။

တော်ရုံအသားဖြူတိုင်း မဝတ်ရဲကြသည့် ကြည်ပြာရောင်တောက်တောက်ကို ချပ်ချပ်ရပ်ရပ်လေး ဝတ်ထားလျက် ခါးအောက်ထိရှည်သော ဆံပင်တို့ကို ဖြန့်ချထား၏။

စံပယ်သည် ရှေ့ဆံပင်ကို ဘယ်သောအခါမှ တိုမဖြတ်ပေ။ ခလယ်ခွဲဆံပင်အားလုံးဟာ ရှေ့နောက် တစ်ညီတည်း အရှည်ပဲဖြစ်၏။

အားလုံး ဖြန့်ချထားလည်း မျက်နှာပေါ်မှာ ဆံပင်တွေ အုပ်လျက် ရှုပ်ပွနေတာမျိုး မဖြစ်ပါ။ ကကြီးပုံ မဟာဆန်သော နဖူးပြေပြေမှ ဆံစတို့သည် ထိုပုံလေးအတိုင်း ဘေးနှစ်ဖက်မှာ တန်းဆင်းသွားကြတာမို့ ဝင်းနှစ်သော မျက်နှာလေးကို မကွယ်နိုင်။

နှာတံချွန်ချွန်လေးကလည်း ပေါ်သည်။ နှုတ်ခမ်းနီအမြဲဆိုးတတ်သော ထွေးအိလှပသည့် နှုတ်ခမ်းလွှာကလေးတွေကလည်း ထင်းနေသည်။

လှုပ်ရှားမှုမှ ရပ်တန့်ကုန်လျက် လင်း၏မျက်ဝန်းတို့သည် စံပယ်၏မျက်နှာလေးထက်မှာ စူးနစ်ငြိမ်သက်သွားခဲ့၏။

‘ဒီမှာ ဘာလာလုပ်နေတာလဲ ခရေ၊ မွေးနေ့ပွဲ သွားမလို့ဆို’

‘သွားမလို့လေ၊ ဒီမှာ လင်းကို လိုက်ပို့ခိုင်းတဲ့ဟာ မပို့ဘူးတဲ့၊ ခရေကြို ပြောထားတာကို ဒီမှာ ပြင်ဆင်ပြီးမှ ကလန်ကဆန်လုပ်တာသိလား၊ တမင်လုပ်တာ’

ခရေတို့ တိုင်စရာအကွက်ရသွားပြီမို့ လင်း ပျာပျာသလဲ လက်ကာသည်။

‘မဟုတ်ဘူး မမ၊ ကျွန်တော် သူ့ကို လိုက်ပို့မယ်လို့လည်း မပြောခဲ့ဘူး၊ သူပြောတုန်းကတည်းက ဘဘကို ပြောထားလိုက်ပါ့မယ်လို့ ပြောခဲ့တာ’

‘မဟုတ်ဘူး မပြောဘူး မမ၊ သူငြိမ်နေတာ သိလား ပို့မလိုလို၊ လက်ခံသလိုလိုနဲ့’

‘ခရေ နင်’

‘ဘာလဲ နင် မဟုတ်ဘူးလား။ လူကိုက ညစ်ပတ်ချင်တဲ့စိတ်ရှိတာ၊ မရဘူး ဆင်း ခုဆင်း’

ခရေက အတင်းတွန်းထိုးပစ်ရင်း ပေကတ်ကတ်ရပ်နေသည့် လင်းကိုယ်ကြီးကို ဆင်းပြီးသားဖြစ်အောင် တွန်းချနေ၏။

လင်းက ကိုယ်ကို တွန့်လိမ်၍ အောက်မကျအောင် ရှောင်သည်။ နှစ်ယောက်ကိုကြည့်နေရင်း စံပယ်က မျက်မှောင်လေးကုတ်ပြီး

‘ခရေ တော်ပြီ ရပ်ကြစမ်း’

ပြောလိုက်တော့လည်း နှစ်ယောက်လုံး ရပ်သွားကြသည်။

လင်းက ခရေ့ကိုရှောင်၍ စံပယ်ရှေ့ရောက်အောင် ဆင်းလာသည်။

‘မမ ဘာလုပ်စရာရှိလို့လဲဟင်’

လင်းကမေးတော့ စံပယ်က ပြန်မဖြေဘဲ နှုတ်ခမ်းလေးစူပြီး ဆင်းလာသည့် ခရေ့ကို

‘ညီမလေး ဘာဘာကိုပဲ ခေါ်သွားလိုက်တော့၊ လင်းက တို့နဲ့ လိုက်ခဲ့နော်၊ အပြန် မိုးချုပ်မှာစိုးလို့ ဘာဘာမောင်နဲ့ မဖြစ်ဘူး’

‘ဟုတ်ကဲ့’

‘ဘာဟုတ်ကဲ့လဲ’

ခရေက လက်ကိုင်အိတ်ကို ပုံပန်းမကျ ဖြစ်သလို တစ်ဖက်ကကိုင်လျက်နှင့် ခါးနှစ်ဖက်ထောက်သည်။

လင်းရှေ့မှာရပ်လိုက်ပြီး မျက်နှာကို သေချာလိုက်မော့ကြည့်ပြီးမှ မဲ့ရွဲ့သွား၏။

‘ခုနကတော့ စာမေးပွဲနီးနေလို့ဆို၊ ခုတော့ ဟုတ်ကဲ့တဲ့’

လင်းက မျက်နှာကို တင်းပစ်လိုက်ပြီး စံပယ့်ကိုသတိရလိုက်ပြီး ချက်ချင်းမျက်လွှာပြန်ချ၏။ မျက်နှာတစ်ခုတည်းမှာ တင်းခြင်း ပြေခြင်း နှစ်မျိုးလုံးဖြစ်ပေါ်စေလျက် ခရေ့ဘက်ကို မှုန်ကုတ်ကုတ် သိသာစေသည့် အကြည့်များနှင့် စောင်းကြည့်သည်။ ဖျတ်ခနဲ ပြန်လှည့်လိုက်တော့ စံပယ့်ရှေ့မှာ အလွန်လေးစားနာခံတတ်သော မျက်လွှာတို့ စင်းချထားကာ

‘စာတွေက ရပြီးသားပါ၊ ကျွန်တော် ပြန်နွေးနေတာ၊ မမ သွားမယ်လေ’

စံပယ်က မကျေမနပ်ဖြစ်နေသည့် ခရေမျက်နှာလေးကို ကြည့်ကာ ပြုံးလိုက်၏။ ပြီးတော့ ပါးပြင်လေးတစ်ဖက်ကို ဖွဖွလေး ဆွဲလိမ်ကာ

‘စိတ်ကောက်မနေနဲ့ ဘာဘာမောင်ရှိတာပဲဟာ၊ ဒါမှမဟုတ်လည်း ခေါ်သွား’

‘သွားပါ၊ ဒီလို စေတနာမရှိတဲ့လူမျိုးကိုလည်း ခေါ်မသွားချင်ပါဘူး၊ မလိုက်ဘူးဆိုလို့ မရမကခေါ်နေတာ ဟွန်း’

ခရေက လှည့်ထွက်သွားပြီးမှ မျက်စောင်းပြန်လှည့်ထိုးကာ

'မမရောက်လာလို့ သိလား၊ မဟုတ်လို့ကတော့ ခရေတို့က ဒါဆိုဒါပဲ၊ တွဲသွားချင်လွန်းလို့ မထင်နဲ့၊ ဒီက ဒါဆိုရင် ခေါင်းခါတာ မကြိုက်တာ'

ပြောချင်ရာပြောပြီး ဒေါက်ချွန်ဖိနပ်ကို စလစ်ပါစီးသလို ဆောင့်အောင့်လျှောက်ချသွား၏။ ဖိနပ် ဘယ်လောက်မြင့်မြင့် ခရေ ဘယ်တော့မှ ခြေလှမ်းမှားခဲ့တာ မရှိပေ။

စံပယ်က ခရေ့ကို လိုက်ကြည့်နေပြီးမှ နောက်ကလိုက်သွားသည်။

'မမ ခဏနော်'

လင်း အိမ်ပေါ်ပြန်တက်သည်။ ဘောင်းဘီရှည်အနက်နှင့် အနက်စင်းပါသည့် စပို့ရှပ်ကို ဖြစ်သလို ကောက်စွပ်လိုက်၏။ ပြီးတော့ လယ်သာဂျာကင် ထပ်ဝတ်ပြီး ပြေးဆင်းလာခဲ့သည်။

ခရေမြင်လျှင် ပြောဦးမှာပါ။ 'လုပ်မနေနဲ့ ကျီးမစားဘူး'လို့။

သူမပါးစပ်မှ သူများကို ပြောချင်ပြီဆို ပက်စက်သော စကားလုံးတွေ မရှားတတ်ဘဲရှိ၏။

'ခွေးမသား ဂျီးမတွန်းတဲ့ရုပ်'ဆိုတာမျိုး။

'လင်းတ ပြန်ပြေးရတဲ့ရုပ်'စသဖြင့်။

***

အခန်း(၃)

နာရီကိုကြည့်လိုက်တော့ ညခုနစ်နာရီခွဲ။

တစ်ညနေလုံး ဖွဲဖွဲကျဆင်းနေသည့် မိုးဖွဲလေးတွေက ပိုစိပ်လာသည်။ ဝိုက်ပါဖွင့်ထားသည့် ကြားထဲက မိုးစက်တွေ ပိုမိုတိုးပွားလာသဖြင့် မှန်ပေါ်မှာ ရေစီးကြောင်းတွေ ဖြစ်လာ၏။

'ဒုက္ခပါပဲ မိုးကတစ်မျိုး'

ကားစီးတိုင်း မှန်အလုံတင်ပြီး မစီးတတ်သည့် အကျင့်က စံပယ့်ကို ဒုက္ခပေးတော့သည်။ မိုးတွေပက်သဖြင့် နည်းနည်းတင်လိုက် ထပ်တင်လိုက်နှင့် ပိုများလာတော့ အလုံတင်ပစ်လိုက်ရသည်။

'မမ လေအေးစက်ဖွင့်လိုက်မယ်လေ'

'အင်း'

လင်းက လေအေးစက်ဖွင့်ပြီး စံပယ့်မျက်နှာကို စိုးရိမ်စိတ်နှင့် မကြာမကြာ လှည့်ကြည့်၏။ မှန်ထဲကနေ ကြည့်တာလည်းရှိသည်။

စံပယ်နှင့် မျက်လုံးချင်း နှစ်ကြိမ်ခန့်ဆုံမိကာ

'ရှေ့ကိုကြည့်မောင်းလေ၊ ဒီလိုမိုးမျိုးက မစို့မပို့နဲ့ စလစ် ဖြစ်တတ်တယ်'

'ဟုတ်ကဲ့ပါ၊ မမက တံခါးပိတ်ထားရင် မူးတတ်လို့ မမ ရရဲ့လားဟင်'

'ရပါတယ် ရောက်တော့မှာပဲဟာ'

ရောက်လုပြီဟု အားတင်းထားသမျှ ကားက ထိုးရပ်သွားသည်။ လင်း အမျိုးမျိုး ပြန်နှိုးကြည့်ပေမယ့် စက်သံပဲလာပြီး ရှေ့မတိုးတော့ပေ။

‘ဘာဖြစ်သွားတာလဲ လင်း’

‘မသိဘူး မမ ကျွန်တော် အောက်ဆင်းကြည့်မှ ဖြစ်မယ် ထင်တယ်’

‘နေဦးလေ မိုးတွေစိုကုန်မှာပေါ့’

ဟု ပြောပြီးမှ ‘ဒုက္ခပါပဲ ထီးလည်း မပါလာဘူး’ဟု တိုးတိုးလေးပြော၏။

လင်းက ပြုံးလိုက်ပြီး ကားမီးရောင်အောက်က စံပယ့်မျက်နှာလေးကို စိုက်ကြည့်သည်။

‘ရပါတယ် မမရာ၊ ယောကျ်ားလေးပဲဟာ’

လင်းက တံခါးဖွင့်၍ဆင်း၏။

‘လင်း လင်း ရော့ ဒါလေး ခေါင်းပေါ်တင်ထား’

စံပယ်က မွှေးပွလက်ကိုင်ပဝါလေးတစ်ထည် လှမ်းပေး၏။ လင်းက လှမ်းယူပြီး ဂျာကင်အတွင်းအိတ်ထဲ ထည့်လိုက်သည်။

စံပယ်သည် တစ်ရှူးတွေဘာတွေ ဘယ်တော့မှမကိုင်။ ရောင်နုရွှသော လက်ကိုင်ပဝါပါးပါးလေးတွေကိုလည်း မကြိုက်။

လက်ကိုင်ပဝါကျတော့လည်း ကိုင်တတ်တာမဟုတ်ဘဲ သူမ လက်ကိုင်အိတ်ထဲမှာ ပဝါထူထူလေးတစ်ထည်တော့ အမြဲ ဆောင်ထားတတ်၏။

လင်း အိတ်ထဲထည့်လိုက်တာ မြင်တော့ စံပယ် စိတ်တိုသွားသည်။

‘ဟိတ် ဒါဘာလုပ်တာလဲ၊ ဆံပင်တွေစိုကုန်ပြီ၊ ခေါင်းပေါ်တင်ထားလေ’

လင်းက စံပယ်ထပ်အော်မှ ပဝါကို ခေါင်းပေါ်တင်ကာ မတင်ချင်တင်ချင် ပုံနှင့် စက်ဖုံးဖွင့်၍ အပြစ်ရှာတော့ တွေ့သည်။

ကားဆီ ပြန်ပြေးလာလိုက် ကိရိယာတန်ဆာပလာယူ၍ ပြန်ပြေးလိုက်

ခေါင်းပေါ်ကပဝါ လွင့်ပါသွားသည်။

လင်း အသည်းအသန် ပြေးလိုက်၏။

‘အမလေး’

မိုးစက်မှုန်များကြားမှာ ကားမီးနှစ်လုံးကိုတော့ မြင်နေရသည်။ ဒါပေမဲ့ နီးတာဝေးတာ မှန်းလို့မရ။

ပဝါက ကားရှေ့မှာ တည့်တည့်ကျ၏။ လင်းက ပြေးလာချိန်တွင် ကားက လင်း၏ဦးခေါင်းဆီ အရှိန်နှင့် ပြေးဆောင့်တော့မလို။

စံပယ် မျက်လုံးတွေပြာသွားကာ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငုံ့ချ ပစ်လိုက်၏။

‘လင်း’

ပြန်ဖွင့်ကြည့်လိုက်တော့ ဟိုဘက်ကားပေါ်ကလူ ကမန်းကတန်း ဆင်းလာတာကို မြင်လိုက်ကာ တိုက်မိပြီမှန်း သိလိုက်၏။

စံပယ် စိုးရိမ်စိတ်နှင့် ဘာမှမမြင်တော့ဘဲ မိုးရေထဲ ပြေးဆင်းခဲ့သည်။

‘လင်း’

သူမကိုယ်မှာ မိုးရေတွေ ဖြန်းခနဲ စိုရွှဲသွား၏။ ဆင်းလာတာ မြင်လိုက်ရတော့ မတ်တပ်ရပ်နေသည့် လင်းနဲ့ ဟိုကားပေါ်က လူက

‘တော်သေးတာပေါ့ ညီလေးရာ၊ တိုက်မိပြီလို့ အောက်မေ့သွားတာ၊ မင်းက ထမလာတော့ ပူထူသွားတာပဲ’

‘လင်း လင်း မင်း ဘာမှမဖြစ်ဘူးနော်’

လင်းက ပဝါကိုင်လျက်နှင့် နှစ်ယောက်လုံးကို ပေါ့ပါးစွာ ရယ်ပြနေသည်။

‘ဘာမှမဖြစ်ပါဘူး မမရဲ့ ပဝါကို ပေကုန်လို့ မိုးရေဖြန့်ခံပြီး ညှစ်ချနေတာ’

'ကြည့်စမ်း'

စံပယ် ကရုဏာဒေါသနှင့် ရင်ဘတ်ဖိ၍ အဲဒီနဖူးကို စိတ်ရှိလက်ရှိ ထုချ ပစ်လိုက်ဖို့လည်း စိတ်ကဖြစ်လိုက်သေးသည်။

ဟိုကားပေါ်ကလူကတော့ သူ့အပြစ်လွတ်သွားသည်မို့ ကျေကျေနပ်နပ် ရယ်မောသွားသည်။

'မမ ရေတွေစိုကုန်ပြီ လာပါ'

စံပယ့်လက်ကလေးကို အမှတ်တမဲ့ဆုပ်ကိုင်ပြီး ကားဆီပြေး၏။ စံပယ် လည်း ပါလာခဲ့တာပဲဖြစ်သည်။

ကားထဲကို သေချာထည့်ပေးပြီး တံခါးပြန်ပိတ်သည်။ ပြီးတော့ ကားပြင် လိုက်လေသည်။ လင်းနဲ့ ဦးငြိမ်းမောင် မတူတာ အဲဒါပဲဖြစ်၏။

တော်ရုံကားပျက်တာလောက်ကို လင်းက ပြင်တတ်၏။ စက်မှုတက္ကသိုလ် တက်တာကိုက စက်မှုပိုင်းဆိုင်ရာကို ဝါသနာပါ၍ ဖြစ်သည်။

လင်းက အလုပ်အားသည်နှင့် စာဖတ်လျှင်ဖတ်၊ မဖတ်လျှင် နီးစပ်သည့် လုပ်ငန်းရုံတွေထဲ လိုက်ကြည့်သည်။ ဝင်ကူသည်။ ကူညီရင်း ဆည်းပူးရင်း နှင့် လက်တွေ့ကော စာတွေ့ပါ ရသမျှပညာကို ယူတတ်သူဖြစ်၏။

ဦးငြိမ်းမောင်ကတော့ နည်းနည်းပါးပါး ကြည့်တတ်ပေမယ့် အသက်က လည်း ထောက်နေပြီမို့ လူငယ်တွေလို တက်ကြွခြင်း၊ စပ်စုခြင်းလည်း မရှိ တော့ဘဲ ဒါဆိုဒါပဲ သမရိုးကျ ကြည့်ရှုလုပ်ကိုင်သွားတတ်သည်။

နေရာတကာ ခိုင်းလည်း မခိုင်းရက်တော့ပါ။ မသိရ မတတ်ရ ကောင်း လားဆိုပြီး အပြစ်လည်း မတင်ရက်တော့။

ဦးငြိမ်းမောင်ဟာ စံပယ်တို့အိမ်မှာ နှစ်များစွာကတည်းက အတူနေ အမှုထမ်းလာခဲ့တဲ့သူ၊ အစစ အရာရာ လေးစားယုံကြည်ထိုက်၏။ တကယ်

ဆို ဒီအသက်အရွယ်မှာ ကားမောင်းခိုင်းဖို့ပင် မသင့်တော့ပေ။

မလုပ်နဲ့တော့လို့လည်း မဖြုတ်ရက်ကြဘဲရှိကာ လင်းက အလိုက်သင့် ပါဝင်လာတော့ အားလုံး အဆင်ပြေသွားခဲ့၏။

လင်းကို ဘယ်သူမှ ကားမောင်းသင်ပေးစရာမလို။ သူမသိတာ မတတ်တာဆို အလွန် သိချင်တတ်ချင်သည့်သူ ဖြစ်သည်။

ထို့ကြောင့် သူ့ကြိုးစားမှုနှင့်သူ နီးစပ်မှုတွေရှိလာပြီး ကားမောင်းတတ်နေခဲ့တာ ဖြစ်၏။

ဦးရွှေကောင်းကိုယ်တိုင် လင်းကို ချစ်သည်။ သားယောက်ျားလေး မရှိတော့ ပို၍ အားထား၏။ ဒါပေမဲ့ လင်းက စံပယ်နှင့် ပတ်သက်တာမှလွဲ၍ ဘာမဆို ပေကပ်ကပ် ထုံပေပေလေးဖြစ်လို့ ပြောစကားနားထောင်သည်။

ကျေးဇူးရှင်ဟူသော အသိကို နှလုံးသွင်း၍ ဦးရွှေကောင်းခိုင်းတာကို မငြူစူခဲ့ပေ။ ဒါပေမဲ့ စကားပြော အလွန်နည်းကာ မှုန်ကုပ်ကုပ်လေးပဲ နေသည်။

'ဟုတ်ကဲ့'

'လုပ်လိုက်ပါ့မယ်၊ သွားလိုက်ပါ့မယ်'

သူပြောတာ ဒါလောက်ပဲဖြစ်သည်။

နှစ်တွေဘယ်လောက်ပဲ ကြာအောင် နေခဲ့ကြသော်လည်း လင်းက ဘယ်သူ့ကိုမှ ရင်းနှီးကျွမ်းဝင်လောက်အောင် ဖော်ရွေခဲ့တာ မရှိပေ။

တစ်ခါတစ်ခါ စံပယ့်ကိုလည်း ဒီလိုပဲဆက်ဆံသည်။

'ဒီကောင်လေး ဘာပုံစံလဲ'

'ဘဝင်မြင့်တာလား၊ အားငယ်တာလား'

စံပယ် တွေးကြည့်ဖူးသည်။ နားလည်အောင် ဘယ်လိုကြည့်ကြည့် လင်း

ကို အကဲခတ်ဖို့မလွယ်။

ကားပေါ်ပြန်ရောက်လာပြီး စတီယာရင်ကို ကိုင်လိုက်တဲ့အထိ စံပယ်က မကျေမနပ်ကြည့်နေဆဲ။

လင်းက ကားသော့ကိုထည့်လိုက်ပြီးမှ မန္တိုးဖြစ်ဘဲ စံပယ့်ကို ပြန်ကြည့်သည်။

'ဟာ မမ ရေမသုတ်ဘဲ ထိုင်နေတယ်'

နှစ်ယောက်လုံး ဆံပင်တွေ ရေစိုနေကြတာခြင်း အတူတူ လင်းက ပိုဆိုးပါသည်။ မိုးရေထဲမှာ ဒီတိုင်းကြီး ကားပြင်နေသဖြင့် ဆံပင်ကရေတွေ မျက်နှာပေါ်ကိုကော ကိုယ်ပေါ်ကိုပါ ရေတလျှောက်လို ဆင်းကျနေကြသည်။ တတောက်တောက် ကျနေတာလည်းရှိ၏။

လင်းက မျက်နှာပေါ်ကရေတွေကို လက်ဖဝါးအုပ်၍ ဖိဆွဲချလိုက်ပြီးမှ နဖူးကဆံပင်တွေကို စံပယ့်ဘက်ကို ရေမစင်အောင် အသာလေး သပ်တင်လိုက်၏။

'မမမှာ နောက်ထပ် ပဝါတစ်ထည် မပါတော့ဘူးလား၊ ကျွန်တော် မြန်မြန်မောင်းလိုက်မယ်နော်၊ လေအေးစက် ပြန်ပိတ်လိုက်မယ်၊ မမ အအေးပက်လိမ့်မယ်'

သူ့စကားနဲ့သူ အထစ်အငေါ့မရှိ ချောနေသည်။

'လင်း'

'ဗျာ'

'မင်းကိုယ်မင်း ပွဲချင်းပြီးသေသွားနိုင်တဲ့ အပြစ်တစ်ခုကို ကျူးလွန်ပစ်လိုက်တာ သိရဲ့လား'

လင်းက စံပယ့်ကို အံ့ဩသလိုကြည့်လိုက်ပြီး ခေါင်းခါသည်။

‘ဘာဖြစ်လို့လဲ မမ၊ လမ်းမလယ်ခေါင်မှာ လူတစ်ယောက်လုံး ငုတ်တုတ်ထိုင်နေတာ ဘယ်သူက ဘလိုင်းကြီး ဝင်တိုက်မှာလဲ’

‘အို တိုက်မိတော့မလို့ပဲလေ၊ ဘရိတ်အုပ်မြန်လို့ပေါ့၊ ကားသမားကိုယ်တိုင် သေလုမျောပါးဆင်းလာတာ မင်းမမြင်ဘူးလား’

‘မမရယ်’

လင်းက ပြုံး၍ ကားကိုစက်နှိုးသည်။ စက်က ခုကျတော့လည်း သူဘာမှမဖြစ်ခဲ့သလို ချောချောမောမောကြီး နိုးသွားခဲ့၏။

ပြီးတော့ မမောင်းဖြစ်သေးဘဲ ပြန်ကြည့်လိုက်သည်။

‘အဲဒါပြောတာတော့ မမရဲ့ သတိထားမောင်းလာလို့ မတိုက်မိတာဘဲ မဟုတ်ဘူးလား၊ ကျွန်တော်ကတော့ မကြောက်ပါဘူး၊ မတိုက်မိဘူးဆိုတာ သိသားပဲ’

‘နေပါဦး ဒီလက်ကိုင်ပဝါက ဘယ်လောက်တောင် အရေးကြီးနေလို့ အသည်းအသန် လိုက်ကောက်တာလဲ၊ လက်ကိုင်ပဝါ ပြန်မပေးနိုင်ရင် မင်းကို ဘာလုပ်မယ် ညာလုပ်မယ်လို့ တို့က ကြိမ်းမောင်းထားမိသလား’

လင်းအကြည့်တွေ ဖျတ်ခနဲပြောင်းသွား၏။ မျက်ခုံးတန်းလေးတွေမှာ ရေသီးလေးတွေအချို့ တင်နေသေးသည့် မျက်နှာကို ဂရုမစိုက် ငေးစိုက်ကြည့်နေပြီးမှ တဖြည်းဖြည်း မျက်နှာလွှဲသွားသည်။

‘ကျွန်တော် တန်ဖိုးထားလို့ပါ’

တိုးတိုးလေးပြောပြီး တောင်းပန်သလို လှည့်ကြည့်၏။

စံပယ်မျက်ဝန်းတို့က လင်းပြောလိုက်တာကို အံ့ဩသွားတာလား၊ နားမလည်လိုက်တာလား မသိဘဲ မျက်မှောင်လေးကုပ်ထားဆဲရှိရာ

ကားလေးက ခရီးရှည်ကြီးတစ်ခုကို အစာမစား ရေမသောက်ရဘဲ

ဖြတ်သန်းခဲ့ရသော ခရီးသွားတစ်ဦးလို လေးကန်စွာ လှုပ်လှဲ့လေး ရွေ့လျားသွားသည်။

နောက်ထပ် လှည့်မကြည့်မိအောင် ကြိုးစားပေမယ့် ဖျတ်ခနဲ ကြည့်မိချိန်မှာတော့ မမက ကြည့်နေဆဲဖြစ်လေသည်။

ပြောချင်တာတွေ ရှိသေးတယ် မမ၊ ဒါပေမဲ့ မပြောရဲတော့ မမ စိတ်ဆိုးသွားမှာပါ။

***